# မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုး/ အသစ်လျှောက်ထားခြင်းနှင့် ပတ်သက်၍ လုပ်ငန်းအဆင့်ဆင့်များ

ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ် သက်တမ်းတိုး/ အသစ်လျှောက်ထားခြင်း၊ ထောက်ခံစာများလျှောက်ထားခြင်းနှင့် ဝင်ငွေခွန်ထမ်းဆောင်ခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပေကျင်းမြို့ရှိ မြန်မာသံရုံးမှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သိရှိလိုသည်များနှင့် လိုအပ်ချက်များကို သံရုံး၏ တယ်လီဖုန်းအမှတ် **+86-10-6532-0351 (Ext:9)** သို့မဟုတ် **e-mail –** beijing-embassy@mofa.gov.mm သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လိုအပ်သောပုံစံများကို မြန်မာသံရုံး၏ website: www.myanmarembassybeijing.com တွင် **download** ရယူ၍ လည်းကောင်း၊ လိုအပ်သောပုံစံများကို **Fax သို့မဟုတ် e-mail မှတစ်ဆင့်** ပေးပို့ပေးခြင်းဖြင့် လည်းကောင်းရယူနိုင်ပါသည်။ ပုံစံများကိုဖြည့်စွက်ပြီးပါက **Consular Department, Embassy of the Republic of the Union of Myanmar, No.6, Dong Zhi Men Wai Street, Chao Yang District, Beijing 100600** သို့ EMS ဖြင့် ပေးပို့ရန်လိုအပ်ပါသည်။ လျှောက်ထားရန် လိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## နိုင်ငံကူးလက်မှတ် သက်တမ်းတိုး/အသစ်လျှောက်ထားခြင်း

၁။ လျှောက်လွှာတွင် ဆောင်ရွက်လိုသည့်ကိစ္စဖော်ပြရန်။

၂။ ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ်မူရင်း။
(နိုင်ငံကူးလက်မှတ်အဟောင်းအား အကြောင်းအမျိုးမျိုးကြောင့် ယာယီ ဆက်လက်ကိုင်ဆောင်လိုပါက သီးသန့်လျှောက်လွှာ(၁)စောင်ဖြင့် လျှောက်ထားနိုင်ပါသည်။)

၃။ နောက်ခံအဖြူရောက်ရှိ 33mm x 45mm အရွယ်ရှိ ဓါတ်ပုံ (၂) ပုံ။

၄။ Form – B အား ပြည့်စုံစွာဖြည့်စွက်ပြီး ဓါတ်ပုံ (၂) ပုံ ကပ်ရန်။
(Form–B ပါ လျှောက်ထားသူတို့ လိုက်နာရမည့်အချက်များအား လိုက်နာဆောင်ရွက်ရန်လိုအပ် ပါသည်။)

၅။ ကိုယ်ရေးမှတ်တမ်းပုံစံဖြည့်သွင်းရန်။
(ကိုယ်ရေးမှတ်တမ်းပုံစံအား ပြည့်စုံစွာဖြည့်စွက်ပေးရန်နှင့် မသက်ဆိုင်သည့်အချက်များ အတွက် မရှိကြောင်း ဖော်ပြပေးရန်။)

၆။ ကျောင်းတက်ရောက်နေသူဖြစ်က တက်ရောက်နေသောကျောင်း၏ Admission Office မှ ထောက်ခံစာမူရင်းနှင့် ကျောင်းသားမှတ်ပုံတင်မိတ္တူ။ (Admission Office ၏ ထောက်ခံစာပေါ်၌ တက်ရောက်သင်ကြားနေသော ဘာသာရပ် စတင် တက်ရောက်သည့်ရက်စွဲနှင့် အောင်မြင်ပြီးဆုံးမည့် ခန့်မှန်းရက်စွဲတို့ကို ဖော်ပြပေးရန်လိုပါ အပ်ပါသည်။)

၇။ နိုင်ငံကူးလက်မှတ် သက်တမ်းတိုး/အသစ်လျှောက်ထားခြင်း ကျသင့်ငွေ တရုတ် ယွမ် (၁၇၀) (RMB-170) ဖြစ်ပါသည်။

၈။ နိုင်ငံခြားသားခင်ပွန်းအပေါ်မှီခိုသည့် မြန်မာအမျိုးသမီးများဖြစ်ပါက အပြန်လေယာဉ်စရိတ် အဖြစ် တရုတ်ယွမ် (၂,၇၀၀) (RMB-2,700) ကောက်ခံ၍ deposit အဖြစ် ထိန်းသိမ်းထားရှိမည်ဖြစ်ပါသဖြင့် စုစုပေါင်းတရုတ်ယွမ် (၂,၈၇၀) (RMB-2870) ကျသင့်မည်ဖြစ်ပါသည်။

## ထောက်ခံစာလျှောက်ထားခြင်း

၁။ **ဝင်ငွေခွန်ထမ်းဆောင်ပြီးကြောင်း သီးသန့်ထောက်ခံစာလျှောက်ထားခြင်း။**

- လျှောက်လွှာ(ဆောင်ရွက်လိုသည့်ကိစ္စဖော်ပြရန်)။
- နောက်ဆုံးပေးဆောင်ခဲ့သော ဝင်ငွေခွန်ပြေစာမိတ္တူ။

၂။ **မှီခိုဖြစ်ကြောင်း ထောက်ခံစာလျှောက်ထားခြင်း။**

- လျှောက်လွှာ(ဆောင်ရွက်လိုသည့်ကိစ္စဖော်ပြရန်)။
- မှီခိုဖြစ်ကြောင်း အထောက်အထားများတင်ပြရန်။

၃။ **ကျောင်းတက်ရောက်နေကြောင်း ထောက်ခံစာလျှောက်ထားခြင်း။**

- လျှောက်လွှာ(ဆောင်ရွက်လိုသည့်ကိစ္စဖော်ပြရန်)။
- နိုင်ငံကူးလက်မှတ်မိတ္တူ။
- Admission Office ထောက်ခံစာမူရင်း။(Admission Office ၏ ထောက်ခံစာပေါ်၌တက်ရောက်သင်ကြားနေသော ဘာသာရပ်၊ စတင်တက်ရောက်သည့်ရက်စွဲနှင့် အောင်မြင်ပြီးဆုံးမည့် ခန့်မှန်းရက်စွဲတို့ကို ဖော်ပြပေးရန်လိုပါအပ်ပါသည်။)
- ကျောင်းသားမှတ်ပုံတင်မိတ္တူ။

၄။ **စာချုပ်စာတမ်းမှန်ကန်ကြောင်းသံရုံး၏ထပ်ဆင့်ထောက်ခံချက်လျှောက်ထားခြင်း။**

- လျှောက်လွှာ(ဆောင်ရွက်လိုသည့်ကိစ္စဖော်ပြရန်)။
- စာချုပ်စာတမ်းမူရင်း။
  (မြန်မာစာချုပ်စာတမ်းများသည် မြန်မာနိုင်ငံ၌ Notary Public ပြုလုပ်ပြီးပါက နေပြည်တော် နှင့် ရန်ကုန်မြို့တို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနမှ ထပ်ဆင့်ထောက်ခံပေးပြီးဖြစ်ရန် လိုအပ်ပါသည်။)
- ထောက်ခံစာများအားလုံးသည်(၁) စောင်လျှင်တရုတ်ယွမ် (၁၀၀) (RMB – 100) ဖြစ်ပါသည်။

**မှတ်ချက်။** မြန်မာသံရုံးသို့ ကိုယ်တိုင်လာရောက်၍ ဆောင်ရွက်ပြုလုပ်သူများမဟုတ်ပါက ဆောင်ရွက်လို သောကိစ္စရပ်များ၏ ကျသင့်ငွေနှင့်အတူ သံရုံးမှသက်ဆိုင်ရာသို့ ပြန်လည်ပေးပို့ပေးနိုင်ရန် EMS Return Postage Fee – RMB (30) (ပြည်တွင်းအတွက်သာ) ထည့်သွင်းပေးပို့ရန် လိုအပ်ပါသည်။ လျှောက်ထားသူ၏ ဆက်သွယ်နိုင်မည့် တယ်လီဖုန်းအမှတ်/ Fax အမှတ်၊ e-mail လိပ်စာနှင့် နေရပ်လိပ်စာအပြည့်အစုံတို့အား ပြည့်စုံမှန်ကန်စွာဖော်ပြပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# လျှောက်ထားသူလိုက်နာရမည့်အချက်များ

**ဓာတ်ပုံ**

၁။ ၆ လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။
၂။ မျက်နှာဧရိယာသည် ဓာတ်ပုံ၏ ၈၀% ရှိရမည်။
၃။ နောက်ခံအဖြူရောင်ဖြစ်ရမည်။
၄။ ဓာတ်ပုံပေါ်ရှိမျက်နှာ၏အရောင်သည် နဂိုမူလအသားအရောင်ဖြစ်ရမည်။
၅။ ထင်ရှားပြတ်သားမှုရှိသောပုံဖြစ်ရမည်။
၆။ မျက်လုံးအနေအထားမှာ-
(က) မျက်လုံးနှစ်ဘက်မှာ တစ်တန်းတည်းဖြစ်ရမည်။
(ခ) မျက်လုံးပေါ်၌ ဆံပင်များ ဖုံးအုပ်နေခြင်းမရှိစေရ။
(ဂ) မျက်နှာသည် နောက်ခံအဖြူရောင်၏ အလယ်တည့်တည့်တွင်ရှိရမည်။
(ဃ) မျက်လုံးပေါ်တွင် အနီစက်၊ အဖြူစက် အလင်းပြန်ခြင်း (Red Eye) မရှိစေရ။
၇။ မျက်နှာအနေအထားသည် တည်ကြည်သော အနေအထားဖြစ်ရမည်။
၈။ နှုတ်ခမ်းအနေအထားသည် ဖွင့်ဟသောအနေအထားမဖြစ်စေရ။
၉။ ဓာတ်ပုံပေါ်တွင် အလင်းပြန်ခြင်းမရှိစေရ။
၁၀။ ဓာတ်ပုံပေါ်တွင် အရိပ်ထင်ခြင်းမရှိစေရ။
၁၁။ မျက်မှန်တပ်သည့်သူများ အရောင်ပြောင်းမျက်မှန် (tinted Lenses) မျက်မှန်ပေါ်တွင် အလင်းမပြန်စေရ၊ မှန်မျက်မှန်ဘောင်မထူစေရ၊ မျက်မှန်ဘောင်(Frames)သည် မျက်လုံးကိုမကွယ်ရ။
၁၂။ ဦးထုပ်ဆောင်း၍ မရိုက်ရ။
၁၃။ အစ္စလာမ်ဘာသာဝင်အမျိုးသမီးများ ခေါင်းဝတ်ပုဝါသည် မျက်နှာပေါ်တွင် အုပ်မိုးခြင်းမရှိစေရ။ အရိပ်ကျနေခြင်းမရှိစေရ။
၁၄။ ဓာတ်ပုံအရွယ်အစားမှာ 35mm x 45 mm ဖြစ်ရမည်။
၁၅။ ဓာတ်ပုံ Resolution မှာ ၆၀၀ ppi ဖြစ်ရမည်။
၁၆။ ဓာတ်ပုံအား CD ROM ဖြင့် Soft Copy ပေးရမည်။